
# နယ်စပ်အခြေပြု ကရင်လူထုအဖွဲ့အစည်းများက ကော်သူးလေပြည်အတွင်း စစ်အာဏာသိမ်းမှုနောက်ပိုင်း လူသားချင်းစာနာမှု အကြပ်အတည်းအပေါ် တုန့်ပြန်ကူညီရာတွင် ဦးဆောင်ခဲ့သည်။

## ဆယ်စုနှစ်များစွာ အတွေ့အကြုံ




ဆယ်စုနှစ် သုံးခုကျော်ကြာအောင် ကရင် လူထုအခြေပြု အဖွဲ့အစည်း (CBO) များသည် ကရင့်အမျိုးသားအစည်းအရုံး KNU ၏ ဌာနဆိုင်ရာများနှင့်အတူ မြန်မာစစ်တပ်၏ ထိုးစစ်များ၊ အခွင့်အရေးချိုးဖောက်မှုများနှင့် လယ်ယာများနှင့် ဆန်သိုလှောင်မှုများကို ဖျက်ဆီးမှုများကြောင့် နေရာရွှေ့ပြောင်းမှုနှင့် အစာမလုံလောက်မှုများတွေ့ကြုံရသော မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ရွာသားများကို လူသားချင်းစာနာသော အကူအညီများ ပေးခဲ့သည်။

အလှူရှင်များအား တာဝန်ခံမှုရှိစွာ အမြင့်မားဆုံး ထိရောက်မှုရှိစေရန် စနစ်တကျ ဖော်ထုတ်ထားသော ကွန်ယက်တို့၏ ကာလရှည်ကြာစွာကပင် တည်ဆောက်ထားသော ယန္တယားများမှတဆင့် အကူအညီများကို ဖြန့်ဝေသည်။ လုံခြုံရေးနှင့် သယ်ယူပို့ဆောင်ရေးရည်ရွယ်ချက်များအတွက် နယ်စပ်တွင် အခြေစိုက်လျက် ထိုစံနစ်များသည် သိသာထင်ရှားသော ပမာဏရှိသည့် အကူအညီများကို ပေးပို့နိုင်စွမ်းရှိသဖြင့် သိန်းနှင့်ချီသောသူများကို ဒုက္ခသည်ဖြစ်မလာစေပဲ မြန်မာနိုင်ငံအတွင်းနေထိုင်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

၁၉၉၂ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း နယ်စပ်အခြေစိုက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသောလူဦးရေ ၁.၇ သန်းကို အဓိကအားဖြင့် ဆန်အကူအညီ အမေရိကန်ဒေါ်လာ ၃၂ သန်းကျော်ဖိုး ပံ့ပိုးကူညီနိုင်ခဲ့သည်။

၎င်းအစီအစဉ်များစတင်သည့် အချိန်ကတည်းက မြန်မာနိုင်ငံ၏ စစ်အစိုးရများအား ဘဏ္ဍာရေး၊ စစ်ရေး သို့မဟုတ် နိုင်ငံရေး အကျိုးခံစားမှု တစ်စုံတစ်ရာ မရရှိစေပဲ အကျိုးခံစာခွင့်ရှိသူများထံသို့ ထိုအကူအညီများကို တိုက်ရိုက်ပေးပို့ခဲ့ခြင်းဖြစ်သည်။

ဗဟိုချုပ်ကိုင်မှုကို အားဖြည့်သည့်အစား ၎င်းနယ်စပ်အခြေပြု အကူအညီများသည် ဖက်ဒရယ် ဒီမိုကရက်တစ် မြန်မာနိုင်ငံသစ်အတွက် အခြေခံအုပ်မြစ်အဖြစ် ဒေသန္တရအတွင်း စီမံခန့်ခွဲမှုကိုဖန်တီးဖြစ်ပေါ် စေခဲ့သည်။

ကရင် ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ရက်မှ ဖြည့်စွက်ထားသည်။

Karen Peace Support Network

KPSN

### KPSN အကြောင်း


ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည် မြန်မာနိုင်ငံအတွင်း ကရင်လူထုအခြေပြုအဖွဲ့အစည်းများပါဝင်သော အကြီးမားဆုံးသော ကွန်ရက်တစ်ခုဖြစ်သည်။ KPSN အဖွဲ့ဝင်များသည် လုံခြုံမှုကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော ကရင်လူမှုအသိုင်းအဝန်းများ၊ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသူများနှင့်ဒုက္ခသည်များအတွက် ဆယ်စုနှစ်ပေါင်းများစွာ လူသားချင်းစာနာမှု အထောက်အပံ့များ ကူညီပံ့ပိုးပေးလာခဲ့သည်။ KPSN သည် ဒေသခံကရင်တိုင်းရင်းသားလူမှုအသိုင်းအဝန်းများကိုလုပ်ပိုင်ခွင့်များမြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း အသိပညာပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားဒေသများအတွင်း ရေရှည်တည်တန့်မည့်၊ တန်းတူညီမျှသောငြိမ်းချမ်းရေးရရှိရေး စည်းရုံးလှုံ့ဆော်ခြင်းများဆောင်ရွက်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၇ ရက်။

# ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းမှု နောက်ပိုင်း ရောမ နေရာရွှေ့ပြောင်းမှုနှင့် လူသား ချင်းစာနာမှု လိုအပ်ချက်များ

အာဏာသိမ်းချိန်မှစ၍ ပိုမို ပြင်းထန်လာသော ပဋိပက္ခနှင့် မြန်မာစစ်တပ်၏ ဖိနှိပ်မှုများက မြန်မာနိုင်ငံအရှေ့တောင် ပိုင်းတွင် ရှိသား ၃၄၀,၀၀၀ ကျော် ရောမ ရွှေ့ပြောင်းမှုနှင့် လူသားချင်းစာနာမှုအကြပ်အတည်းအသစ်ကို ဖြစ်ပေါ်စေသည်။


| ရွှေ့ပြောင်းမှု အသစ် (၂၀၂၁ ဖေ-၂၀၂၂ ဩဂုတ်) | |
|---|---|
| ခရိုင် | ဒုက္ခသည် အရေအတွက် |
| တောဦး (တောင်ငူ) | ၇,၅၃၇ |
| ခလယ်လွိထူ (ညောင်လေးပင်) | ၆၁,၉၈၆ |
| မူတြော် (ဖာပွန်) | ၉၆,၁၇၉ |
| ဒူးသထူ (သထုံ) | ၇၄,၇၀၅ |
| ဒူးပလာယာ | ၈၅,၄၈၂ |
| မားကွီး-တဗ့ိုင်း (တနင်္သာရီ) | ၂၁,၆၁၄ |
| စုစုပေါင်း | ၃၄၇,၅၀၃ |




# အာဏာသိမ်းမှုနောက်ပိုင်း နယ်စပ်အခြေစိုက် အကူအညီများ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိမှု

အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း အရေးပေါ်လိုအပ်ချက်များကို ဖြေရှင်းရန်အတွက် နယ်စပ်အခြေစိုက် ကရင် CBO များသည် အစုအဖွဲ့များနှင့် နိုင်ငံတကာ အလှူရှင်များထံမှ ရန်ပုံငွေများ ကောက်ခံခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ အကျိုးခံစားခွင့်ရှိသူ ၃၈၈,၀၀၀ ကျော်အား စားနပ်ရိက္ခာထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၈.၇ သန်း ပေးအပ်ခဲ့ပါသည်။ တည်ရှိပြီး ယန္တယားများက လျင်မြန်ထိရောက်သောအကူအညီများဖြန့်ဝေမှုကို ဖြစ်စေခဲ့သည်။

အကူအညီဖြန့်ဝေမှုများအား ပိတ်ဆို့ခြင်း၊ လမ်းကြောင်း ပြောင်းစေခြင်းနှင့် ဖျက်ဆီးခြင်းများအပါအဝင် နိုင်ငံတော်စီမံခန့်ခွဲမှု ကောင်စီ (SAC) က လူသားချင်းစာနာမှုအကူအညီများကို လက်နက်သဖွယ်အသုံးပြုမှုကြောင့် မြန်မာနိုင်ငံအတွင်းမှဖြတ်၍ ကူညီသောအကူအညီများ ရပ်တန့်သွားခဲ့ရာ ဤနယ်စပ် အခြေပြုအကူအညီမှာ အလွန်ပင် အရေးပါလှသည်။




**အများစု အကူအညီမှာ လူတစ်ဦးလျှင် ဆန် ၁-၃ လစာ ပေးခဲ့သည်။**




အကျိုးခံစားခွင့်ရှိသူများ = ရွှေ့ပြောင်းမှု၊ အစားအစာ သိုလှောင်မှုများ ဖျက်ဆီးခံရမှု၊ သို့ SAC တပ်ဖွဲ့များ၏ စိုက်ပျိုးခြင်း /ရိတ်သိမ်းခြင်း များ တားဆီးမှုများကြောင့် အစားအစာ လိုအပ်သူများ

## အမှန်တကယ်လိုအပ်ချက်များနှင့် ကိုက်ညီသော စွမ်းရည်များကို ဖြည့်စည်းရန်အတွက် အကူအညီများ တိုးမြှင့်ရန် အလှူရှင်များကို တောင်းဆိုသည်။

ကံမကောင်း အကြောင်းမလှစွာပင် ပိုမိုနက်ရှိုင်းလာသော အကြပ်အတည်းများ ဖြစ်ပေါ်နေသော်လည်း နိုင်ငံတကာ အလှူရှင်များ၏ အကူအညီများမှာ တိုးပွားနေသော လူသားချင်းစာနာမှု လိုအပ်ချက်များနှင့် အညီ တိုးတက်လာခြင်း မရှိပေ။ နယ်စပ် အဖွဲ့အစည်းများ၏ ယခင်တည်ရှိပြီး အကူအညီပေးနိုင်စွမ်းကိုပင် မရောက်လာပဲ ရှိခဲ့သည်။ ယခုအချိန်တိုင်အောင်ပင် ကရင်အဖွဲ့အစည်းများအား ပေးသော အကူအညီများ၏ ၅၀ ရာနှုန်းခန့်မှာ အဓိကအားဖြင့် လူထု အစုအဖွဲ့များဖြစ်သော ပုဂ္ဂလိက အလှူရှင်များထံမှသာ ဖြစ်ရာ ရေရှည်တည်တံ့မှု မရှိပေ။

ထို့အပြင် နိုင်ငံတကာ အကူအညီများမှာ အရေးပေါ် လိုအပ်ချက်အပေါ်တွင်သာ အခြေပြုထားသည် တိုက်ခိုက်မှုများကို တုန့်ပြန်လျက် လူထုကို အစားအစာ ၁-၃ လစာသာ ပေးထားခဲ့သည်။ ပဋိပက္ခများကြောင့် လယ်သမားများမှာ ဆန်စပါးကို စိုက်ပျိုးနိုင်စွမ်း မရှိတော့ခြင်းကြောင့် ဖြစ်လာသော အစာ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ရေရှည် ထောက်ပံ့ကူညီရန်အတွက် လိုအပ်ချက်မှာ ယခုအခါ ရှင်းရှင်းလင်းလင်း ရှိနေသည်။ လတ်တလောတွင် ကရင် CBO များသည် လာမည့် ၁၂ လ ကာလတစ်ခု တည်းအတွက်ပင် အစားအစာ ထောက်ပံ့မှု ရံပုံငွေ အမေရိကန် ဒေါ်လာ ၁၇ သန်းအထိ လိုအပ်ချက်ကို ရင်ဆိုင်နေရသည်။

သို့ဖြစ်ရာ နိုင်ငံတကာအလှူရှင်များအနေဖြင့် မိမိတို့နှင့်တွေ့ဆုံဆွေးနွေးပြီး သမိုင်းကြောင်းအား ပြန်လည်သုံးသပ်လျက် မိမိတို့၏ဆယ်စုနှစ်ပေါင်းများစွာ အတွေ့အကြုံများကို အသိအမှတ်ပြုကာ မိမိတို့၏ ပြည်သူများ မြန်မာနိုင်ငံအတွင်း ဆက်လက်နေထိုင်နိုင်စွမ်းရှိစေရန်အတွက် သူတို့၏အရေးပေါ်လူသားချင်းစာနာမှုလိုအပ်ချက်များကို ဖြည့်စည်းရန်အတွက် အကူအညီများကို တိုးမြှင့်ပေးရန် တောင်းဆိုလိုက်သည်။